# ငါ့အတွက်ကတော့အသက်ရှင်နေတာ အမေ့အတွက်ပါ

## For Me to Live Is for Mom

*ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ် ၏။ (ဖိလိပ္ပိ၊ ၁း၂၁)*

ကျွန်တော့်ရဲ့ ကလေးနှစ်ယောက်ကို မွေးဖွားခဲ့တဲ့အချိန်တွေမှာ ကျွန်တော့်မှာ လုပ်စရာအလုပ်တွေ သိပ်များနေခဲ့တဲ့အတွက် ကလေးမွေးခြင်းရဲ့ သဘာဝတရားကို တိတိကျကျသိဖို့ ကျွန်တော်အချိန်မပေးနိုင်ခဲ့ပါဘူး။ သို့သော်လည်း မြေးကလေး ရောဘတ်(Robert)ကိုရတဲ့အချိန်မှာတော့ သားမက်ဖြစ်သူ ဆရာဝန်ဂျွန်(John) နဲ့ အဲဒီကိစ္စကို တော်တော်ကလေးဆွေးနွေးဖြစ်ခဲ့ကြပါတယ်။ ကလေးငယ်လေးဟာ မိခင်ရဲ့ဝမ်းတွင်းမှာရှိစဉ် ရေများနဲ့ ဝန်းရံခြင်းခံထားရတယ်လို့ သိရပါတယ်။ ရေထဲမှာရှိနေတဲ့ကလေးဟာ ဘယ်လိုများ အသက်ရှင်နိုင်ပါလိမ့်မလဲလို့ တွေးချင်စရာပါ။ ရေထဲမှာငါးနေတယ်ဆိုရင် သဘာဝတရားဖြစ်ပေမယ့် ရေထဲမှာလူနေတယ်ဆိုတာ ဟုတ်ပါ့မလားလို့ တွေးချင်စရာပါ။ ဒါကြောင့်လည်း ကျွန်တော်ပင် သမီး ဒယ်ဘီ (Debbie) ကို "သမီးကလေးမွေးတဲ့အခါ ငါးကလေးတော့ မမွေးပါဘူးနော်" လို့ပြောပြီး စမိပါတယ်။ ကိုယ်ဝန်ဆောင်မိခင်ရဲ့ ဗိုက်ထဲမှာရှိနေတဲ့ ကလေးငယ်ဟာ ရေတွေနဲ့ဝန်းရံပြီး နေရပေမယ့် တကယ်တမ်းကျတော့ သူဟာ မိခင်နဲ့ဆက်သွယ်ထားတဲ့ ချက်ကြိုးကနေ သူအသက်ရှင်ဖို့ လိုအပ်တာ မှန်သမျှကို ရရှိခဲ့ပါတယ်။ တနည်းအားဖြင့် ပြောရလျှင် ကလေးငယ်လိုအပ်တာမှန်သမျှ မိခင်ကြီးက ထိုချက်ကြိုးမှတဆင့် ပံ့ပိုးပေးနေခဲ့ပါတယ်။ ကလေးတဦး အသက်ရှင် နိုင်ဖို့ လိုအပ်တဲ့ အခြေအနေအားလုံးဟာ မိခင်အပေါ်မှာ အမှီသဟဲပြုနေရတဲ့သဘောဘဲဖြစ်ပါတယ်။ မိခင်သာ အသက်ရှုရပ်သွားရင်အထဲက ကလေးငယ်လည်း အလိုလိုအသက်ရှူရပ်သွားမှာဖြစ်ပါတယ်။ မိခင်ရဲ့ နှလုံး ရပ်သွားရင် ကလေးရဲ့နှလုံးလည်း ရပ်သွားမှာဖြစ်ပါတယ်။ မိခင် အစာမစားရင် ကလေးလည်း အာဟာရချို့တဲ့လာမှာ ဖြစ်ပါတယ်။ ဤကလေးဟာ မိခင်ပေါ်တွင် လုံးလုံးလျားလျား မှီခိုနေရတဲ့အတွက် "ငါအသက်ရှင်သည်တွင် မိခင်ပင်ဖြစ်၏"လို့ပင် ပြောလို့ရနေပါပြီ။

ထိုနည်းတူစွာ ဤကမ္ဘာလောကမှာ ကျွန်တော်တို့နေထိုင်အသက်ရှင်စဉ် ကျွန်တော်တို့အားလုံးဟာ သခင်ယေရှုခရစ်တော်အပေါ်မှာ လုံးလုံးလျားလျားမှီခို နေရပါတယ်။

*ငါသည်အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရကြလိမ့်မည်။ (ယောဟန်၊၁၄း၁၉)*

သခင်ခရစ်တော်သာ ထာဝရအသက်ရှင်ခြင်းမရှိနိုင်ရင် ကျွန်တော်တို့အားလုံးလည်း ထာဝရအသက်ရှင်ခွင့်မရနိုင်တော့ ပါဘူး။ သူ့အားဖြင့်သာလျှင် ကျွန်တော်တို့ ထာဝရအသက်ရှင်ခွင့်နိုင်ရကြပါတယ်။

ခရစ်တော်ပေးတာမှန်သမျှကို သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ချက်ကြိုးအားဖြင့် ကျွန်တော်တို့ လက်ခံရရှိကြပါတယ်။ ခရစ်တော်ကလည်း ကျွန်တော်တို့ကို ဒီအတိုင်းဘဲ ဖြစ်စေချင်ပါတယ်။ ခရစ်ယာန်အသက်တာဆိုသည်မှာ ခရစ်တော်ကို လုံးလုံးလျားလျား မှီခိုအားကိုးပြီး အသက်ရှင်ရသော အသက်တာဘဲဖြစ်ပါတယ်။

ခရစ်တော်ဘုရား ကိုယ်တော်တိုင်သည်လည်းဘဲ ဤကမ္ဘာလောကမှာအသက်ရှင်စဉ်အခါ သူဟာ ထာဝရဘုရားကို လုံးလုံးလျားလျားမှီခိုအားကိုးခဲ့ပါတယ်။ ဒီအသက်တာကို လူသားများ စံနမူနာယူဖို့အတွက် သူအသက်ရှင်ပြသသွားခဲ့ပါတယ်။

*ငါသည်ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုနိုင် (ယော၊၅း၃၀-က)* ။

တကယ်တော့ ခရစ်တော်ဟာ ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်တဲ့အတွက် အရာရာတိုင်းကို သူတတ်နိုင်လုပ်နိုင်ပါတယ်။ သို့သော် သူဟာလူ့လောကမှာ လူသားအဖြစ်ခံယူဖို့ ရွေးချယ်ဆုံးဖြတ်ခဲ့တဲ့အခါမှာတော့ ထိုလူသားဖြစ်စဉ်ကာလတည်းဟူသော သုံးဆယ့်သုံးနှစ်ဆိုတဲ့အချိန် အတောအတွင်းမှာ အဖခမည်းတော် အ ပေါ်တွင် လုံးလုံးလျားလျား မှီခိုရင်း နာခံတတ်တဲ့အသက်တာကို လူသားများအား စံနမူနာအဖြစ်ပြသသွားခဲ့ပါတယ်။ လူ့ဇာတိကို ခံယူခဲ့တဲ့အချိန်ကာလမှာ လူ သားတယောက်အနေနဲ့ သူ့အလိုအတိုင်း သူဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး။ သူစကားပြောလျှင်လည်း ထိုစကားများတို့ဟာ ဘုရားသခင်ပြောစေလိုတဲ့ စကားများသာဖြစ်ပြီး သူ့ရဲ့လုပ်ဆောင်ချက်အားလုံးဟာလည်း ဘုရားသခင်က သူ့ကိုလုပ်စေလိုသောအရာများသာ ဖြစ်ပါတယ်။

*ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုဘဲ၊ ငါ့ခမည်းတော်သည် ငါ့အား နည်းပေးတော်မူသည်အတိုင်း ငါဟောပြောသည်ကိုငှင်း၊ သင်တို့သည် သိကြလိမ့်မည်။ (ယော၊၈း၂၈)*

*ယေရှုကလည်း၊ သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ ခမည်းတော်ပြုတော်မူသောအမှုကို သားတော်သည်မြင်၍သာပြု၏။ မိမိအလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်။ ခမည်းတော်ပြုတော်မူသမျှအတိုင်း သားတော်လည်းပြု၏ (ယော ၅း၁၉)။*

*ငါပြု သောအမှုတို့ကိုကား၊ ငါ၌တည်နေ တော်မူသော ခမည်းတော်သည်ပြုတော်မူ၏ (ယောဟန်၊၁၄း၁၀)။*

ခရစ်တော်ယေရှုဟာ အဖခမည်းတော် အပေါ်၌ လုံးလုံးလျားလျား မှီခိုအားထားပြီး အသက်ရှင်သလို ကျွန်တော်တို့ တစ်ယောက်စီဟာလည်း ခရစ်တော်အပေါ်မှာ လုံးလုံးလျားလျား မှီခိုအားထားပြီးအသက်ရှင်ရမှာဖြစ်ပါတယ်။

ဒါကြောင့် ရှင်ပေါလုရေးသားခဲ့သည်က *“ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည်ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုကိုယ်စွန့်တော်မူ၏” (ဂလာတိ၊ ၂း၂၀)။*

ဒါကြောင့် ကျွန်တော်တို့သိရမှာက ခရစ်တော်ဟာ ကျွန်တော်တို့အထဲမှာ အသက်ရှင်ပြီး သူ့အလုပ်ကို သူလုပ်နေပါတယ်။ ကျွန်တော်တို့လုပ်ဆောင်ရမယ့် အပိုင်းကယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပြီး မိမိခန္ဓာကိုယ်မှတဆင့် ခရစ်တော်အား အသက်ရှင်ခွင့်ပေးဖို့ဘဲဖြစ်ပါတယ်။

မိခင်ဝမ်းတွင်းမှ ကလေးငယ်ဟာ ချက်ကြိုးနဲ့ ဆက်သွယ်ထားခြင်းအားဖြင့် မိခင်ကို လုံးလုံးလျားလျား မှီခိုအားကိုး အသက်ရှင်သလို ကျွန်တော်တို့ ခရစ်ယာန်များဟာလည်း သန့်ရှင်းသောဝိညာဉ်တော်နဲ့ဆက်သွယ်ထားခြင်းအားဖြင့် ခရစ်တော်ရဲ့အသက်တာကိုလက်ခံယူပြီး ခရစ်တော်ကို လုံးလုံးလျားလျား မှီခိုအားကိုး အသက်ရှင်ရင်း “ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏”ဆိုတာကို ခံယူကြဖို့ဘဲရှိပါတယ်။

-စတယ်လာဝေ-